ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မဟာအောင်မြေခရိုင်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ ဇာရီမူအမှတ် - ၆၄၁

ဒေါ်သန်းသန်းနွယ်(ခ)ဒေါ်ဌေးဌေး

နှင့်

ဒေါ်ခင်မြတ်မွန် (ကွယ်လွန်သူ ဦးမင်းအောင်၏တရားဝင် ကိုယ်စားလှယ်)

ဒီကရီအနိုင်ရသူ

တရားရှုံး

မန္တလေးခရိုင်တရားရုံးတော်၊ **တရားမကြီးမှုအမှတ်**- ၁၅/၂၀၁၆ အမှုတွင် အနိုင် ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို **၂၀၂၄** ခုနှစ်၊ ဩဂုတ် လ၊ ၂၉ ရက်နေ့၊ နံနက် **၁၀** နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲ ဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

<u>လေလံရောင်းချမည့် စည်းကမ်းချက်များ</u>

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြ ချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူ မည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင် သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊လေလံဆွဲဝယ်မည့် သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့် ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင့်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူပိုင်ခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက် မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ပစ္စည်းကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံ ရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင် လ (၂၂) ရက်နေ့တွင် ဤရုံးတိပ်ဆိပ်ရှိက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(နန်းစန်ဦး)
တွဲဖက်ခရိုင်တရားသူကြီး(၃)
မဟာအောင်မြေခရိုင်တရားရုံး

ပစ္စည်းစာရင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ ၇၃ လမ်း၊ ၂၈x၂၉ လမ်းကြား၊ အကွက်အမှတ် (၇၃၃)၊ ဦးပိုင်အမှတ်(၁၁-က)၊ ဧရိယာ(၀.၀၄၅၄) ကေရှိ ဘိုးဘပိုင် မြေကွက်နှင့် ယင်းမြေပေါ်ရှိ တိုက်အမှတ်(၆၃) ဟုခေါ်တွင်သော အာရ်စီ(၄)ထပ်ခွဲ အဆောက်အဦ။

လေလံကြမ်းခင်းဈေးငွေကျပ်သိန်း- သိန်း(၃၂၉၀၀)
အရောင်းကြော်ငြာပြန်သွင်းရန်နေ့ရက်- (၂၉-၇-၂၀၂၂)

ကပ်ရန်
၁။ မဟာအောင်မြေခရိုင်တရားရုံးကြော်ငြာသင်ပုန်း
၂။ ချမ်းအေးသာစံမြို့နယ်တရားရုံးကြော်ငြာသင်ပုန်း
၃။ ပတ်ကုန်းဝန်းကျင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကြော်ငြာသင်ပုန်း
၄။ အချင်းဖြစ်ပစ္စည်းတည်ရှိရာနေရာ
၅။ အမှုတွဲလက်ခံ